# မလှည့်ဖြားစေနှင့်

YR C
NO. 18



အလွတ်ကျမ်းချက်။ ။ ရှင်မဿဲခရစ်ဝင် ၂၄:၄၄

"ထို့ကြောင့် သင်တို့သည် ပြင်ဆင်လျက်နေကြလော့။ အကြောင်းမူကား၊ သင်တို့ မထင်မမှတ်သော အချိန်နာရီ၌ လူသားသည်ကြွလာလိမ့်မည်။"



## တနင်္ဂနွေနေ့ | ဗိမာန်တော်ကို စွန့်ပယ်ခြင်း (ရှင်မဿဲခရစ်ဝင် ၂၃:၃၇-၂၄:၂) ၁

ယေရှုခရစ်တော် ကောင်းကင်သို့တက်ကြွသွားခဲ့ပြီးနောက်၊ သစ္စာရှိသောယေရှုခရစ်တော်၏တပည့်တော်များ၏ လုပ်ဆောင်ချက်ကို ကျွန်ုပ်တို့ ရှုမြင်ရပါသည်။ သူတို့သည် ယေရှုကို သတိရအောက်မေ့ခဲ့ကြ၏။ သို့သော် သူတို့သည် ယေရှုခရစ်တော်၏ ပြန်ကြွလာမည့်ကတိတော်နှင့် ပတ်သက်သောဧဝံဂေလိသတင်းစကားကို ဝမ်းမြောက်စွာဖြင့် ဝေမျှခဲ့ကြ၏။ တပည့်တော်အယောက်တိုင်းသည် အသေခံရသော် လည်း၊ သူတို့သည် ထာဝရအသက်နှင့် အနာဂတ်တွင်ရှင်ပြန်ထမြောက်ခွင့်ရမည့် တောက်ပသော မြော်လင့်ချက်ဖြင့် သေခဲ့ကြ၏။ အနာဂတ်မှာ အဘယ်သို့ဖြစ်လာမည်ကို တပည့်တော်များသည် အမြဲနားမလည်ခဲ့ကြချေ။ ထို့ကြောင့် ဤသင်ခန်းစာ၌ ကျွန်ုပ်တို့သည် ယေရှုခရစ်တော် သူမသေခင်၊ သူ၏တပည့်တော်များအားပေးခဲ့သော အလွန်အရေးကြီးသည့် ညွှန်ကြားချက်များကို ပြန်လေ့လာသွားကြရမည်ဖြစ်သည်။



နောက်ဆုံးအချိန် ယေရှုခရစ်တော်သည် သူ့တပည့်တော်တို့နှင့်အတူ ဗိမာန်တော်မှ ထွက်ခွာစဉ်တွင်၊ ယေရှုသည် ဖာရိရှဲများနှင့် ကျမ်းတတ်ပုဂ္ဂိုလ်များကို ဘာပြောဆိုခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၃:၃၈၊ ၃၉။

ဤအရာသည် အသစ်သောအရာဖြစ်ပေသည်။ ယေရှုသည် ထိုအချိန်မတိုင်ခင်က ဗိမာန်တော်ကို သူတို့၏အိမ်ဟု တစ်ခါမျှ မခေါ်ဖူးခဲ့ပါ။ ၎င်းကို ယေရှုသည် ယခင်က အဘယ်သို့ခေါ်ခဲ့သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၂:၁၆။

ဗိမာန်တော်သည် "လူဆိတ်ညံလျက်" ကျန်ရစ်မည်ဟူသော အတွေးအမြင်သည် တပည့်တော်များ၏အာရုံကို ဆွဲဆောင်ရန် မလုံလောက်ခဲ့ပေ။ ထို့နောက် မိနစ်အနည်းငယ်အကြာတွင် ယေရှုသည် ဘာပြောဆိုခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၄:၂။

တပည့်တော်တို့သည် လူအများကဲ့သို့ အနာဂတ်တွင် အဘယ်သို့ဖြစ်ပျက်မည့်အကြောင်းကို သိချင်စိတ်ပြင်းပြခဲ့ကြ၏။ ထို့နောက် ဘာကိုမျှော်လင့်ရမည်အကြောင်း သူတို့အားပြောပြရန် သူတို့သည် ယေရှုခရစ်တော်အား မေးမြန်းသောအခါ၊ သူ၏နိုင်ငံတော်ကို အဘယ်သို့တည်ထောင်မည်၊ အဘယ်အချိန်၊ အဘယ်နေရာ၌တည်ထောင်မည့်အကြောင်း ပြောပြရန်ကိုသာ သူတို့မျှော်လင့်နေခဲ့ကြ၏။ သို့သော် သခင်ယေရှုသည် သုံးရက်မြောက်နေ့၌ သူသေရမည်။ သူ၏တပည့်တော်များသည် ဆိုးရွားစွာစိတ်ပျက်ကြမည်ကို သိခဲ့၏။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်သည် ဘာကြောင့် သူ၏ဗိမာန်တော်ကို ဖျက်စီးဖို့ရန် ခွင့်ပေးခဲ့သနည်း။ ၎င်းသည် တစ်ကြိမ်ဖြစ်ပျက်ခဲ့ပြီးဖြစ်သည်။ ရာဇဝင်ချုပ်ပဌမစောင် ၃၆း ၁၄-၁၉ သည် ဘာကြောင့်တဖန်ဖြစ်ပျက်ခဲ့သည့်အကြောင်းကို နားလည်ရန် ကျွန်ုပ်တို့အား ကူညီပါသည်။ စာတန်၏လိမ်လည်လှည့်ဖျားမှုကို နားထောင်ခြင်းကြောင့်၊ ယေရှုကိုငြင်းပယ်သောသူ၊ စာတန်ကဲ့သို့ အခြားသောသူများအား ရက်စက်ကြမ်းကြုတ်သောသူများကို သူတို့၏ခေါင်းဆောင်အနေဖြင့် ခွင့်ပြုခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် သူတို့ကို အကာအကွယ်မပေးနိုင်တော့ပါ။ စာတန်သည် သူ့အလိုရှိသည်အတိုင်း လူသားများအားလုံးကို ဖျက်စီးနိုင်ခဲ့သည်။

## တနင်္လာနေ့ | အရေးကြီးသောမေးခွန်းနှစ်ခု (ရှင်မဿဲခရစ်ဝင် ၂၄:၃) ၂

လှပသောဗိမာန်တော်သည် ဖျက်စီးခံရမည်ဟူသောအကြောင်းသည် တပည့်တော်တို့အတွက် အလွန်စဉ်းစားစရာဖြစ်လာခဲ့၏။ ထိုအတွေးကိုဖယ်ထားပြီး၊ သူတို့သည် ဗိမာန်တော်မှတစ်ဆင့် ယေရုရှလင်မြို့သို့၊ ယေရုရှလင်မြို့မှတဆင့် သံလွင်တောင်ပေါ်သို့ ယေရှု၏နောက်သို့လိုက်ခဲ့ကြ၏။ သူတို့၏စိတ်ထဲတွင် ရှုပ်ထွေး၍ ဇဝေဇဝါဖြစ်နေကြ၏။ ယေရှုခရစ်တော်သည် မေရှိယသခင်ဖြစ်ကြောင်း သူတို့သိခဲ့ကြ၏။ သို့သော် ဗိမာန်တော်က ဖျက်စီးခံရမည်ဆိုလျှင် မေရှိယသည် ဒါဝိဒ်၏ပလ္လင်ပေါ်မှာ ထိုင်၍ အဘယ်သို့အုပ်ချုပ်နိုင်မည်နည်း၊ ဣသရေလနိုင်ငံတော်ကို အဘယ်သို့ ပြန်လည်ထူထောင်နိုင်မည်နည်း။

နောက်ဆုံး တပည့်တော်တို့ ဘာလုပ်ခဲ့ကြသနည်း။ ရှင်မာကုခရစ်ဝင် ၁၃:၃၊ ၄။

ယနေ့များစွာသောလူများတို့သည် ယေရှုခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်း၏ အမှန်တရားအကြောင်းနှင့်ပတ်သတ်၍ အလွန်စိတ်ရှုပ်ထွေးနေကြသည်။ ဓမ္မသစ်ကျမ်း၌ ရာနှင့်ချီသောကျမ်းချက်များစွာက ၎င်းအကြောင်းကို ဖော်ပြနေသော်လည်း၊မိမိကိုယ်ကို "ခရစ်ယာန်" ဟု ခေါ်သူအချို့တို့သည် သခင်ယေရှု၏ပြန်ကြွလာခြင်းကို လုံးဝမယုံကြည်ကြပါ။



သခင်ယေရှု ပြောထားသည်မှာသူကြွလာသောအခါတွင်၊ ကောင်းကင်၌ အလင်းရောင်ကဲ့သို့တောက်ပသော ကောင်းကင်တမန်များဖြင့် ပြည့်နေလိမ့်မည်၊ လူတိုင်းသည်လည်း ယေရှုအား မိမိမျက်စိဖြင့် မြင်တွေ့ရမည်ဟု ပြောခဲ့သည်။ ယေရှုက လူသေများလည်းပဲ ကြားနိုင်မည့် အသံကျယ်ကျယ်လောင်လောင်ရှိသည့် ပေါက်ကွဲမှုဖြစ်လိမ့်မည်ဟု ပြောဆိုခဲ့သည်။ အများကမူ ယေရှုကြွလာတော်မူသောအခါ၊ လူများသည် ကောင်းကင်သို့ လျှို့ဝှက်စွာခေါ်ဆောင်ခြင်း (ချီဆောင်ခြင်း) ခံရမည်ဟု ယုံကြည်ကြသည်။

**လက်တွေ့ကျင့်သုံးရန်။** "သင်တို့ကို အဘယ်သူမျှ မလှည့်ဖြားစေခြင်းငှါ သတိပြုကြလော့" ဟူသော ယေရှုမှာကြားချက်မှာ အံ့ဩစရာ မဟုတ်ပါလား။ သမ္မာကျမ်းစာတစ်ခုတည်းသာ အမှန်တရားကို သိရှိရန် ကျွန်ုပ်တို့အား ကူညီပေးနိုင်သည်။ ထိုနှုတ်ကပတ်တော်သမ္မာကျမ်းစာကို အထူးဂရုစိုက်စွာ လေ့လာဖို့ရန် သင်ယူနေပါသလား။

## သောကြာနေ့ | (ရှင်မဿဲခရစ်ဝင် ၂၄:၃၇-၄၄) ၆

သခင်ယေရှုသည် ဒုတိယအကြိမ်မကြွလာမီ၊ ဖြစ်ပျက်မည့်ကမ္ဘာ၏အခြေအနေကို ဖော်ပြပေးသောအခါ သူသည် ဝမ်းနည်းခဲ့ရသည်။ သူသည် လူများအတွက် အရာအားလုံးလုပ်ဆောင်ပေးခဲ့သော်လည်း၊ ယခုလည်းလုပ်ဆောင်ပေးနေသော်လည်း၊ လူအများတို့သည် သူ့ကိုလက်မခံကြ၊ သမ္မာတရားဖြစ်သည့် သူ၏စကားတော်များကို နားမထောင်ခဲ့ကြပါ။ သို့မဟုတ် ၎င်းသည် အလွန်ပင်ဆိုးပေသည်မှာ၊ ယေရှုခရစ်တော်ကို တကြိမ်ချစ်ခဲ့ကြ၍၊ သူတို့သည် သူ့ထံမှ အဝေးသို့စွန့်ခွာရန် ရွေးချယ်ကြ၏။ သခင်ယေရှုသည် သူကြွမလာခင်အခြေအနေ၌၊ လူအများတို့၏ စိတ်ဝင်စားမှုများဖြစ်သည့် သူတို့၏လုပ်ဆောင်ချက်များကို မည်သို့ပြောဆိုထားသနည်း။ ရှင်မဿဲ ခရစ်ဝင် ၂၄:၃၇-၃၉။

စားသောက်ခြင်းအမှုသည် မှားယွင်းသောအရာလား သို့မဟုတ် လက်ထပ်ခြင်းအမှုသည် မှားယွင်းသောအရာများပါလား။ မဟုတ်ပါ၊ ယေရှုကိုယ်တိုင် ကာနမြို့၌ မင်္ဂလာဆောင်ပွဲတစ်ပွဲသို့ သွားခဲ့ပြီး ထိုနေရာတွင် ရေမှ စပျစ်ရည်အဖြစ်သို့ ပြောင်းလဲလုပ်ဆောင်ပေးခဲ့၍ သူ၏ပထမဆုံးအများသိသော နိမိတ်လက္ခဏာတစ်ခုကိုတောင် ပြုလုပ်ခဲ့သေးသည်။

ထိုသို့ဆိုလျှင်၊ သခင်ယေရှုသည် ဘာကိုဆိုလိုခဲ့သနည်း။ နောဧအချိန်ကာလ၌လူများအတွက် စားသောက်ခြင်းအမှုသည် အဘယ်သို့မှားယွင်းခဲ့ပါသလဲ။ နောဧခေတ်အချိန်၌လူများသည် သာမန်စားသောက်ခြင်း၊ သာမန်လက်ထပ်ထိမ်းမြားခြင်း မဟုတ်ခဲ့ချေ။ သူတို့သည် သူတို့၏စိတ်နှလုံးထဲ၌ စားသောက်ဖို့ရန်သာရှိကြသည့်အပြင် ထိုအကြောင်းကိုပဲ အာရုံပြုစဉ်းစားနေခဲ့ကြပြီး နောဧ၏ သတိပေးချက်များကို အာရုံမပြု၊ ဂရုမစိုက်ခဲ့ကြချေ၊ "ရေလွှမ်းမိုးလာသည့်တိုင်အောင် မသိခဲ့ကြချေ၊ သူတို့သည် သင်္ဘောမှသော်၎င်း၊ နောဧ၏သတိပေးချက်မှသော်၎င်း အဝေးသို့ ရှောင်ဖယ်သွားခဲ့ကြသည်။"

ဤအရာသည် ကျွန်ုပ်တို့အတွက်လည်း အန္တရာယ်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် နေ့တိုင်း မိမိတို့လုပ်ဆောင်စီစဉ်နေသော အရာများကိုသာ စဉ်းစားနေကြသည်။ ထိုစဉ်းစားနေသောအရာများမှ အချို့တို့သည် ကျွန်ုပ်တို့၏အချိန်ကို အများကြီးကုန်ဆုံးစေပါနိုင်ပါသလား။ ကျွန်ုပ်တို့အား ယေရှုမိန့်တော်မူခဲ့သော အရေးကြီးသောအရာများကို သင်ယူလေ့လာဖို့ အချိန်မပေးနိုင်သည့်အန္တရာယ်သို့ ကျွန်ုပ်တို့အား ဆွဲခေါ်နိုင်ပါသလား။ ဤမေးခွန်းများသည် မိမိကိုယ်ကိုမေးဖို့ရန် ကောင်းသောမေးခွန်းဖြစ်သည်။ ၎င်းမှာ ကျွန်ုပ်သည် နေ့တိုင်း မိမိ၏ကိုယ်ပိုင်အချိန်ကို ထိုမိမိလုပ်သောအရာများအတွက် ကုန်လွန်ခြင်းသည် အမှန်တကယ် အရေးကြီးသောအရာများ ဟုတ်ပါသလား။ ကျွန်ုပ်သည် မိမိစိတ်နှလုံးကို အဘယ်အရာနှင့် ဖြည့်နေပါလဲ။ ဖိလိပ္ပိဩဝါဒစာ ၄:၈။

**လက်တွေ့ကျင့်သုံးရန်။** စစ်ပွဲများ၊ မြေငလျင်လှုပ်ခြင်းများ၊ အစာငတ်ဘေးများနှင့် ညဥ့်းပမ်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းကို ရပ်တန့်တားဆီးနိုင်ရန်မှာ နည်းလမ်းတစ်ခုတည်းသာ ရှိပါသည်။ ထို့အတူ စာတန်၏လှည့်ဖြားခြင်းကို တားဆီးရပ်တန့်နိုင်ရန်လည်း နည်းလမ်းတစ်ခုတည်းသာ ရှိပါသည်။ ထိုနည်းလမ်းမှာ နိုင်ငံတော်နှင့်ဆိုင်သော ဧဝံဂေလိသတင်းစကားကို... မြေကြီးစွန်းတိုင်အောင်ဟောပြောသက်သေခံဖို့ရန် ဖြစ်သည်။ ထို့နောက် "အဆုံးသည် ဖြစ်လာလိမ့်မည်၊" ယေရှုခရစ်တော်သည် "ကြီးမားသောဘုန်း တန်ခိုးအာနုဘော်နှင့်အတူ ကောင်းကင်မှ မိုးတိမ်များဖြင့် ပြန်ကြွလာမည်" ဖြစ်သည်။ သင်သည် "စောင့်ကြို" နေပါသလား။ သင်သည် အခြားသူများအား ကောင်းသောပုံပမာဖြစ်နေပါသလား။ သင်သည် အဆင်သင့်ဖြစ်နေပြီလား။ ရှင်မဿဲခရစ်ဝင် ၂၄:၄၂၊ ၄၄။

မှတ်ချက်။ နောက်သင်ခန်းစာတွင် ကျွန်ုပ်တို့သည် ယေရှုခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းနိမိတ်များအကြောင်းနှင့်ပတ်သတ်၍ အဘယ်အရာသည် ပြည့်စုံခဲ့ပြီး၊ အဘယ်အရာသည် ယခုပြည့်စုံနေကြောင်းကို သင်ကြားကြရမည်ဖြစ်သည်။

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

ကျွန်ုပ်တို့အမှတ်ရသင့်သော အရေးကြီးသည့်သင်ခန်းစာမှာ ကျွန်ုပ်တို့၏မေးခွန်းများအားလုံးနှင့်အတူ သူ့ထံလာဖို့ရန် ကျွန်ုပ်တို့အား သူအလိုရှိခြင်းဖြစ်သည်။ အနာဂတ်အကြောင်းနှင့်ပတ်သတ်၍ ကျွန်ုပ်တို့အား ဇဝေဇဝါ၊ ရှုပ်ထွေးရှိရန် သူအလိုမရှိချေ။

တပည့်တော်တို့သည် ဗိမာန်တော်အကြောင်းနှင့်ပတ်သတ်၍ သခင်ယေရှုက ဘာကိုပြောခဲ့ကြောင်းကို နားမလည်ခဲ့ကြပေ။ ကြီးမားသောအရာတစ်ခုခုကို မည်သို့ "ဖြိုချ" နိုင်မည်နည်း။ ထို့အပြင် ဘုရားသခင်က အရေးကြီးသောအရာတစ်ခုကို "ဖြိုချ" ဖို့ ဘယ်လိုလုပ်ခွင့်ပြုထားသနည်း။ ထိုမျှမက၊ ဗိမာန်တော်သည် ဘုရားသခင်၏အိမ်တော် ဖြစ်သည်မဟုတ်လော။ သို့သော် ယေရှုသည် ဗိမာန်တော်ကို "သင်တို့၏ အိမ်တော်" ဟုခေါ်ခဲ့သည်။ ဤအရာအားလုံးသည် ဘာကိုဆိုလိုသနည်း။



ရှင်မဿဲခရစ်ဝင် ၂၄း၃ ကို ဖတ်ပါ။ တပည့်တော်တို့သည် ယေရှုအား မည်သည့်မေးခွန်းကို မေးမြန်းခဲ့သနည်း။ တပည့်တော်များသည် တွေဝေနေကြ၏။ သူတို့မေးခွန်းနှစ်ခုမေးနေကြသော်လည်း သူတို့သည် မေးခွန်းတစ်ခုတည်းမေးနေကြသည်ဟု ထင်ခဲ့ကြ၏။ သူတို့သည် ကမ္ဘာအဆုံးတိုင် ဗိမာန်တော်သည် ဖျက်စီးခြင်းခံရနိုင်မည်မဟုတ်ကြောင်း ထင်မြင်ယူဆခဲ့ကြ၏။

ယေရှုသည် သူတို့၏မေးခွန်းအများအတွက် အဖြေကိုသိ၏။ ထို့အပြင် သူတို့ကို သူပြောချင်သောအရာအားလုံးကို သူတို့အမှန် တကယ်နားလည်မည်မဟုတ်ကြောင်းကိုလည်း သိ၏။ သူသည် ရက်အနည်းငယ်အတွင်းတွင် ကားတိုင်တင်သတ်ခံရမည့်အကြောင်းကို ပင် သူတို့နားမလည်ခဲ့ကြချေ။ ယေရုရှလင်မြို့၏ပျက်စီးခြင်းအကြောင်းနှင့် ကမ္ဘာ၏အဆုံးခန်းကြားတွင် နှစ်ထောင်ပေါင်းများစွာကြာသောအနာဂတ်အကြောင်းများကို သူတို့ အဘယ်သို့နားလည်နိုင်မည်နည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၆း၁၂။

**လက်တွေ့ကျင့်သုံးရန်။** သင့်မိဘများ သို့မဟုတ် အခြားသက်ကြီးရွယ်အိုများက သင့်ကို "ယခုအချိန်မှာ အကြောင်းပြချက်များ အားလုံးကို ငါမင်းကို တကယ် မပေးနိုင်ဘူး၊ ဒါပေမယ့် ငါပြောသောစကားကို ဘယ်လိုဖြစ်ဖြစ် နားထောင်ခိုင်းစေလိုသည်" ဟူသောစကားကဲ့သို့ တစ်ခုခုကို ပြောဖူးသလား။" တချို့သောအရာတို့သည် သင့်အတွက်နားလည်ရခက်ခဲသောအရာများကို လက်ခံရန် ၎င်းသည် ခက်ခဲမည် မဟုတ်ပါသလား။ ဘယ်လိုဘဲဖြစ်ဖြစ် သင်နားထောင်မည်လော။

## အင်္ဂါနေ့ ၊ မလှည့်ဖြားစေနှင့် (ရှင်မဿဲခရစ်ဝင် ၂၄း၄-၈) ၃

တပည့်တော်တို့သည် ရှေ့အနာဂတ်အကြောင်းနှင့်ပတ်သက်၍ သခင်ယေရှုအား မေးလျှောက်သောအခါ၊ ပထမဦးစွာ သခင်ယေရှုသည် သူတို့အား ဘာပြောဆိုခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၄း၄။

အဘယ်သူမျှ မလှည့်ဖျားစေနှင့်။ သို့သော် ကျွန်ုပ်တို့သည် လှည့်ဖြားခြင်းမခံရရန် အဘယ်သို့ သေချာပြင်ဆင်နိုင်မည်နည်း။ လှည့်ဖြားခြင်းသို့ မရောက်စေရန်အလို့ငှာ အဘယ်သူ့ကို သိရန်လိုအပ်သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၁၄း၆။

ယနေ့ များစွာသောလူအပေါင်းတို့သည် "သမ္မာတရား" အကြောင်းနှင့်ပတ်သတ်၍ အလွန်စိတ်ပူပန်ကြ၏။ လူအများကြားရမည်မှာ တစ်စုံတစ်ယောက်က "ကျွန်ုပ်အသက်တာကောင်းစားနေသမျှကာလပတ်လုံးသည် ဘုရားသခင်က ကျွန်ုပ်ကို ကောင်းချီးပေးနေသည်ကို ကျွန်ုပ်သိသည်" ဟူသောစကားဖြစ်သည်။ သို့သော် လူများတို့သည် ဘုရားသခင်ပြောသော သမ္မာတရားအကြောင်းကို မသိရှိပါက၊ သူတို့သည် ကောင်းစားသောအသက်တာဖြင့်အသက်ရှင်နေရသည့်တိုင် သူတို့သည် အဘယ်သို့သိနိုင်မည်နည်း။ သုတ္တံကျမ်း ၂၃း၂၃ က ကျွန်ုပ်တို့အား "သမ္မာတရားကို ဝယ်လော့၊ မရောင်းနှင့်" ဟု မှာထားပါသည်။ ဘာကြောင့်လဲ။ အဘယ်ကြောင့်ဆိုသော် လိမ်လည်မှုများနှင့် လှည့်ဖြားမှုသည် ဘုရားသခင်၏လူများအားတိုက်ခိုက်ရန် စာတန်၏ နှစ်သက်သောနည်းလမ်းများဖြစ်၏။ ဤအကြောင်းကို အခန်းကြီးတစ်ခုထဲ၌ သခင်ယေရှုသည် တပည့်တော်များအား ဘယ်နှစ်ကြိမ်လောက်သတိပေးခဲ့ကြောင်းကို ကြည့်ရှုပါ။ ရှင်မဿဲခရစ်ဝင် ၂၄း၅၊ ၁၁၊ ၂၄။

တပည့်တော်တို့က မကြာမီတွင် ယေရှုသည် ထိုယေရုရှလင်မြို့၌ သူ၏လောကနိုင်ငံတော်ကိုတည်ထောင်ဖို့ရန် မျှော်လင့်နေခဲ့ကြ၏။ ယုဒလူမျိုးအများတို့သည်လည်း သူတို့၏ရန်သူများအားလုံးကို အောင်မြင်ဖို့ရန်နှင့် သူတို့သည် ချမ်းသာကြွယ်ဝသောအသက်တာဖြင့် နေထိုင်ရဖို့ရန် မေရှိယသခင်ကြွလာခြင်းနှင့် ငြိမ်းချမ်းရေးအရှင်၏ အချိန်ကာလကို မျှော်လင့်နေခဲ့ကြ၏။ တပည့်တော်တို့သည် သုံးနှစ်ခွဲတိုင်တိုင် သခင်ယေရှုထံမှ များစွာသင်ယူခဲ့ရသော်လည်း၊ သူတို့သည် ထိုမှားယွင်းသောအတွေးအခေါ်များဖြင့် ကြီးစွာလွှမ်းမိုးခံရနေဆဲဖြစ်၏။ ယေရှုခရစ်တော်သည် သူတို့အား သူတို့၏စိတ်ဓာတ်ကျရောက်မည့်အကြောင်းကို သိခွင့်ပေးခဲ့သည်။ ငြိမ်းချမ်းခြင်းနှင့် ချမ်းသာကြွယ်ဝခြင်းများအစား၊ မည်သည့်အရာက ရောက်လာခဲ့သနည်း။ အငယ် ၆-၈။

အာဏာတန်ခိုးကြီးမားသော၊ ဂုဏ်ပုဒ်ကြီးသောခေါင်းဆောင်အများတို့သည် ဤကမ္ဘာကြီးကို ကောင်းကင်နိုင်ငံတော်ကဲ့သို့ အံ့ဩဖွယ်ကောင်းသော၊ လုံခြုံဘေးကင်းသောနေရာဖြစ်အောင် သူတို့လုပ်ဆောင်နိုင်သည်ဟု ထင်ခဲ့ကြ၏။ သို့သော် ယေရှုခရစ်တော် ကျွန်ုပ်တို့အား မိန့်မှာထားသည်မှာ အပြစ်ပြုလုပ်နေသရွေ့၊ ဆိုးသောအရာများသည် ဆက်လက်ဖြစ်ပျက်နေဦးမည်ဟု မှာထားလေ၏။

မှန်ပါသည်။ ထိုပြဿနာများ၏ စစ်မှန်သေချာသောတစ်ခုတည်းသောအဖြေမှာ အပြစ်တရားကို ယေရှုခရစ်တော်က ထာဝရချေမှုန်းရန်နှင့် ကမ္ဘာကို တဖန်ဖန်ဆင်းဖို့ရန်အတွက်သာ ဖြစ်ပါသည်။ ထိုအချိန်ရောက်သည့်တိုင်၊ ကျွန်ုပ်တို့သည် ထိုအဖြစ်အပျက်များကို "ဝမ်းနည်းပူဆွေးခြင်းများ၏ အစကဲ့သို့ပင်" စဥ်းစားဆင်ခြေကြရန်သာ ဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** ကြောက်မက်ဖွယ်သောအရာများသည် ကမ္ဘာအနှံ့ဖြစ်ပျက်နေသောအခါ၊ ကျွန်ုပ်တို့သည် အဘယ်ကဲ့သို့ ပြဿနာမှ လွတ်မြောက်နိုင်မည်နည်း။ စစ်ပွဲ သို့မဟုတ် သဘာဝဘေးအန္တရာယ်များအားဖြင့် လူတို့သေဆုံးနေကြသောအခါ၊ ကျွန်ုပ်တို့သည် မကူညီဖို့ရန် မဟုတ်ပေ။ ထိုမေးခွန်း၏အဖြေကို ကူညီဖို့ရန် ရှင်မဿဲခရစ်ဝင် ၂၄း၆ အား ရှင်လုကာခရစ်ဝင် ၂၁း၉ ဖြင့်နှိုင်းယှဥ်ပါ။



## ဗုဒ္ဓဟူးနေ့ ၊ ညဥ့်ပန်းနှိပ်စက်ခြင်းကာလ ရောက်လာခြင်း (ရှင်မဿဲခရစ်ဝင် ၂၄း၉-၂၂) ၄

တပည့်တော်တို့မှာ ယေရုရှလင်မြို့ပျက်စီးခြင်းနှင့် ကမ္ဘာ၏ အဆုံးသတ်ချိန်ကြားတွင် နှစ်ပေါင်းနှစ်ထောင်နီးပါးကွာခြားမည်ဟု အတွေးမရှိခဲ့ချေ။ သူတို့သည် အဖြစ်အပျက်များမှာ တစ်ချိန်တည်းတွင် ဖြစ်ပျက်လိမ့်မည်၊ အချိန်သိပ်မကြာမီတွင် ဖြစ်ပျက်လိမ့်မည်ဟု ထင်ခဲ့ကြ၏။

သူတို့သည်အဖြေကို အပြည့်အစုံနားလည်နိုင်မည် မဟုတ်ကြောင်းကို သခင်ယေရှုသိ၏။ ထို့ကြောင့် နောက်ဆုံးအချိန်၌ ကမ္ဘာတစ်ခုလုံးအပေါ် အပြစ်ကြီးများကျရောက်စေမည့် ပို၍ ကြီးမားသောဖျက်ဆီးခြင်းကို ကိုယ်စားပြုရန် ယေရုရှလင်၏ဖျက်ဆီးခြင်းကို သူ အသုံးပြုခဲ့သည်။ သူပြောခဲ့သောအရာများစွာသည် အဖြစ်အပျက်နှစ်ခုစလုံးမှာ ဖြစ်ပျက်လိမ့်မည်။







စစ်ပွဲများအကြောင်းနှင့် သဘာဝဘေးအန္တရာယ်များအကြောင်းကို ပြောပြီးနောက်၊ ယေရှုသည် ဘာထပ်ပြောဆိုခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၄း၉-၁၃။

ဤအခန်းငယ်များသည် ယေရှုခရစ်တော်၏နောက်လိုက်များအား တိုက်ရိုက်တိုက်ဆိုင်ခဲ့၏။ ဤညဥ့်ပန်းနှိပ်စက်ခြင်းသည် မတော်တဆဖြစ်ပျက်ခြင်းမဟုတ်ပေ၊ ၎င်းသည် ဘုရားသခင်၏လူမျိုးကို ရန်သူများကတမင်တကာညဥ့်ပန်း နှိပ်စက်လိမ့်မည်။ မေရှိယ ပေါ်ထွန်းပြီးနောက်၊ဤအရာသည် တပည့်တော်များ မျှော်လင့်ထားသည့်အရာများ အတိုင်း လုံးဝမဟုတ်ခဲ့ပါ။

ထို့နောက် ယေရှုသည် ထောင်ပေါင်းများစွာသော ယုံကြည်သူခရစ်ယာန်တို့၏အသက်ကို ကယ်တင်ရန် အထူးအားပေးမှုအချို့ကို ပေးခဲ့၏။ ရှင်လုကာခရစ်ဝင် ၂၁း၂၀-၂၄။ ရောမစစ်သူရဲများသည် ယေရုရှလင်မြို့ကို ဝိုင်းရံပြီး မြို့ရိုးအပြင်ဘက်ရှိ သူတို့ဘုရားများ၏ အလံများကို တပ်ဆင်သောအခါ၊ ခရစ်ယာန်များအားလုံးသည် ယေရှု၏မိန့်မှာကြားချက်များကို အမှတ်ရခဲ့ကြ၏။

ရန်သူက မြို့ကိုသိမ်းပိုက်တော့မည့်အချိန်တွင်၊ ရောမဧကရာဇ်မင်းသေဆုံးခဲ့သည်။ ခဏကြာသော် စစ်တပ်သည် ယေရုရှလင် မှထွက်ခွာခဲ့၏။ ဤအချက်က ခရစ်ယာန်များအား သူတို့လိုအပ်သောအခွင့်အရေးကို ပေးခြင်းဖြစ်သည်။ သူတို့အားလုံးသည် ထွက်ပြေးခဲ့ကြ၏။ ရောမစစ်သားများသည် စစ်ပွဲကို အဆုံးသတ်ရန်နှင့် ယေရုရှလင်မြို့ကို ဖျက်ဆီးရန် ပြန်လာသောအခါ၊ ထိုမြို့အထဲ၌ ခရစ်ယာန် တစ်ဦးတစ်ယောက်တောင်မှ ကျန်မနေခဲ့တော့ချေ။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်သည် သူ၏လူများကို ယေရုရှလင်မြို့၏ ဖျက်ဆီးခြင်းမှ လွတ်မြောက်စေခဲ့လျှင်၊ ယေရှုသခင်ဒုတိယအကြိမ်ကြွလာချိန်တွင် ဤကမ္ဘာကြီးကို ဖျက်ဆီးမည့်အခါ၊ ဘုရားသခင်သည် သူ၏လူများကို ထိုအရာမှ လွတ်မြောက်စေလိမ့်မည်ဟု သင်ထင်ပါသလား။ ဆာလံကျမ်း ၃၄း၁၅၊ ၁၇။

## ကြာသပတေးနေ့ ၊ ယေရှုကြွလာခါနီးတွင် (ရှင်မဿဲခရစ်ဝင် ၂၄း၂၃-၃၁) ၅

ယေရုရှလင်မြို့၏ဖျက်ဆီးခြင်းအကြောင်းကို ပြောပြပြီးနောက်၊ သခင်ယေရှုသည် သူ၏ဒုတိယအကြိမ်ကြွလာခြင်းတွင် ဖြစ်ပျက်မည့် အဓိကအဖြစ်အပျက်များအကြောင်းကို ပြောပြခဲ့လေ၏။

သူ၏တပည့်တော်တို့သည် သူ၏ပြန်လည်ကြွလာခြင်းကို စိတ်စောလျက်စောင့်နေမည်၊ သူတို့သည် လှည့်စားခြင်းအန္တရာယ်ကို ကြုံရမည်ကို သခင်ယေရှုကြိုသိခဲ့၏။ မိမိကိုယ်ကို ခရစ်တော်ဖြစ်သည်ဟုဆိုသောလှည့်စားသူများကို သခင်ယေရှုက ဘာပြောဆိုခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၄း၂၃-၂၆။

တပည့်တော်တို့အား လှည့်ဖြားခြင်းမှ ကာကွယ်ရန် သခင်ယေရှုသည် ဒုတိယအကြိမ်ကြွလာခြင်းကို မည်သို့ ဖော်ပြခဲ့သနည်း။ အငယ် ၂၇၊ ၃၀၊ ၃၁။

ဝမ်းနည်းစရာကောင်းသည်မှာ ပရောဖက်အတုအယောင်များနှင့် ခရစ်တော်အယောင်ဆောင်များ၏ လှည့်စားခြင်းနှင့် ပတ်သက်၍ သခင်ယေရှု၏ရှင်းလင်းသောသတိပေးချက်ကို မကြာခဏလစ်လျူရှုလေ့ရှိ၏။ လူအများတို့သည် ခရစ်တော်ယောင်ဆောင်သောသူများ၏ လှည့်စားခြင်းကို ခံနေရကြပြီ။ သို့သော် ထိုခရစ်တော်အယောင်ဆောင်များမှ အဘယ်သူမျှ ကမ္ဘာပေါ်သို့ လူတိုင်းမြင်နိုင်ရန် အရှေ့မှအနောက် ကောင်းကင်ကို ဖြတ်၍ လျှပ်စစ်ကဲ့သို့ အလင်းတော်တောက်ပခြင်းအားဖြင့် မလာရောက်ခဲ့သေးပေ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အသေးစိတ်လေ့လာဖို့ရန်၊ အာရုံပြုရန် အဘယ်မျှလောက်အရေးကြီးကြောင်းကို သင်မြင်နိုင်ပါသလား။